# မင်းသွေးသစ္စာ

ကြောင်တစ်ရာဗိုလ်



တစ်ခါက တစ်နေ့တည်း၌ ကံကြမ္မာဆိုး (၂)ခုအား ဆက်တိုက် ကြုံဆုံရမည့် လူတစ်ယောက်သည် သူ့ထံ လွှမ်းမိုးနေသော အရိပ်မည်းကြီးကို သတိပြုမိဟန်မရှိဘဲ ထုံးစံအတိုင်း လှေကလေးနှင့် ထမင်းဟင်းများ ရောင်းချရန် ပြင်လေ၏။

သူသည် အသက် (၂၀)အရွယ် လူငယ်တစ်ယောက် ဖြစ်၏။ သူ့တွင် ရုပ်ရည်ချောမောပြေပြစ်သော်လည်း ဘဝကံအကျိုးပေး နုံချာမှုကြောင့် စိတ်ရောဂါသည် ဖြစ်နေရှာသော ညီမငယ် တစ်ယောက်ရှိ၏။

မိန်းကလေးသည် ယဉ်ယဉ်ကလေးနှင့် ရူးနေသည် ဟု ဆိုရပေမည်။ သူမသည် အဝတ်အစားကို သေသပ်လုံခြုံစွာ ဝတ်ဆင်၏။

အစ်ကို၏ အလုပ်တွင် ကူညီပြီး မိအိုဖအိုတို့ အား ကောင်းစွာ ပြုစုလုပ်ကျွေး၏။ အသိဉာဏ် ဖွံ့ဖြိုးမှုနောက်ကျ၍ သာလူစဉ်မမီသော်လည်း ရန့်ရင်းကြမ်းတမ်းမှုမရှိဘဲ နူးညံ့သိမ်မွေ့၏။

မှောင်စပျိုးချိန်တွင် လူငယ်သည် လှေကလေးကို လှော်ကာ သူတို့ရွာကြီး၏ လှေဆိပ်သို့ ရောက်ရှိလာ၏။ ရွာကြီးသည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိပြီး ကုန်သည် လှေသင်္ဘောကြီးများ ဆိုက်ကပ်လေရာ စည်ကားလှ၏။

ထမင်းသည် လူငယ်သည် ထိုနေ့အဖို့ ဧရာဝတီ ဖလော်ရီတာ ကုမ္ပဏီပိုင် မီးသင်္ဘောကြီး၊ ဆိပ်ကမ်းတွင် ကပ်မည်ဟု သိထားလေရာ ထမင်းဟင်းများကို နှစ်ဆပို၍ ချက်ပြုတ်ထား၏။

သင်္ဘောကြီးက ဓာတ်မီးရောင် တထိန်ထိန်နှင့် ဆိုက်ရောက်လာလျှ င်ပင် လူငယ်က လှေကလေးကို လှော်ခတ်ပြီး သင်္ဘောကြီးနံဘေးသို့ ကပ်၍ လာ၏။

ထို့နောက် လှိုင်းလေကြားမှ လှေကို ထိန်းသိမ်းရင်း သင်္ဘောကြီး၏ သံလက်ရန်းတစ်ခုနှင့် လှေဆိုင်းကြိုး ကို တွဲစပ်ချည်နှောင်လိုက်၏။

တစ်ဖက်တွင် လည်း ဆိပ်ကမ်းသို့ သင်္ဘောကြီးပေါ်မှ ကုန်းပေါင် ပျဉ်ချပ်ကြီးများ ထိုးပြီး လေရာ ဆင်းသူတက်သူများ နှင့် ဆူညံရှုပ်ထွေးနေ၏။

ထိုအချိန်မှ စ၍ လူငယ်သည် ထမင်းဟင်းများကို လက်မလည်အောင် ရောင်းချရလေတော့၏။

အချို့က ချိုင့်များ ၊ ပန်းကန်ခွက်ယောက်များ ဖြင့် ဝယ်ယူကြ၏။ အချို့ကိုမူ ထမင်းဟင်းများအား အင်ဖက်နှင့် လုံခြုံစွာ ထုပ်ပိုးပေးရ၏။

ထိုအခိုက် လှေထက်မှ လူငယ်ကို သင်္ဘောပေါ်မှ

"ကောင်လေး . . . ထုံစံအတိုင်း၊ ငါးကြင်းချဉ်ရည်ချက်နဲ့ ဝက်ကလီစာဟင်း ချန်ထားစမ်းပါကွာ"

ဟု မှာ လေ၏။ လူငယ်က ထိုသူကိုကြည့်ပြီး

"ကုန်သည် ကြီး ဦးဖိုးဝပါလား၊ စိတ်ချဗျို့၊ ချဉ်ပေါင်ကြော်ပါ ချန်ထားလိုက်မယ်"

ဟု ဆိုလေ၏။

ထို့နောက် သင်္ဘောထက်မှ တစ်ယောက်တစ်မျိုး မှာ ယူနေသော ဝယ်သူများအား ဆက်လက်ရောင်းချရ ၏။

လူငယ်၏ ဟင်းချက်လက်ရာမှာ အရသာရှိလှ၍ ခရီးသည် များက အလုအယက် ဝယ်ယူနေကြတော့၏။

နောက်ဆုံးတွင် ထမင်းဟင်းများ လည်း တက်တက်ပြောင်ပြီဖြစ်ရာ ဝယ်သူလည်း စဲသွား၏။ လူငယ်က ရေနံ့ဆီခွက်အလင်းရောင်နှင့် ငွေအကြွေများကို ရေတွက်ပြီး ကျေနပ်ဟန်နှင့်

"ဒီလို သင်္ဘောကြီးတွေ တစ်နေ့ကို ဆယ်စင်းလောက်ဆိုရင် တော်တော်ကောင်းမှာ ပဲ၊ ထင်တာ ထက်တောင် ငွေက ပိုရနေသေးတယ်"

ဟု ရေရွတ်လေ၏။ ထို့နောက် လူငယ်သည် တောင်တစ်လုံး အတွင်းမှ ထမင်းထုပ်ကြီးကို တွေ့၍ မျက်မှောင်ကြုတ်ပြီး

"ဦးဖိုးဝကြီးဖို့ ချန်ထားတဲ့ ထမင်းထုပ်ပါလား၊ ရောင်းကောင်းနေတာနဲ့ ဒီလူကြီးကို မေ့နေတယ်၊ ဘာကြောင့် ထမင်းထုပ်လာမယူတာပါလိမ့်"

ဟု ဆိုကာ ထမင်းထုပ်ကိုဆွဲပြီး ငွေအကြွေများ ထည့်ထားသော လွယ်အိတ်ဟောင်းကလေးကို လွယ်ကာ သင်္ဘောပေါ်သို့ တက်လေ၏။

ဦးဖိုးဝသည် သူ့ထံ၌ စားနေကျ ဖောက်သည် ကြီး ဖြစ်၏။ ထိုသူကြီးသည် ဧရာဝတီမြစ်ရိုးတစ်လျှောက် အစုန်အဆန် သွားလာ ကုန်ကူးနေသူ ဖြစ်၏။

ထိုသို့ သွားလာရာတွင် မီးသင်္ဘော၏ အိပ်ခန်းပါသော ပထမတန်းမှ လိုက်ပါတတ်၏။

မကြာမီ လူငယ်သည် ကုန်စာရေးအား မေးမြန်းပြီး ဦးဖိုးဝ၏ အခန်းရှေ့သို့ ရောက်လာခဲ့၏။ ပြီးလျှင် တံခါးကို တတောက်တောက်ခေါက်ကာ

"ကုန်သည် ကြီး၊ ကျုပ် ထမင်းထုပ် လာပို့တာပါ"

ဟု အသံပေးလိုက်၏။

အတွင်းမှ မည်သည့်တုံ့ပြန်မှုမျှ ထွက်ပေါ်မလာဘဲ စေ့ရုံသာစေ့ထားသော တံခါးက အနည်းငယ် ပွင့်ဟသွား၏။

လူငယ်က ခေတ္တမျှ ရပ်တန့်ပြီး

"အခန်းထဲမှာ လူမရှိလည်း ထမင်းထုပ်ထားခဲ့တော့မယ်"

ဟု ရေရွတ်၏။

ထို့နောက် တံခါးကို တွန်း၍ ဖွင့်လိုက်လျှင်ပင် အားနည်းလှသော မီးအလင်းရောင်နှင့် မထင်မှတ်သော မြင်ကွင်းတစ်ခုကို မြင်တွေ့လိုက်ရတော့၏။

လူငယ်သည် ပါးစပ်အဟောင်းသားဖြစ်ကာ မျက်လုံးပြူးကျယ်ပြီး လက်တွင်းမှ ထမင်းထုပ်က ကြမ်းပြင်သို့ လွတ်ကျသွား၏

အခန်းတွင်း နှစ်ထပ်အိပ်စင်နှင့် စားပွဲတစ်လုံးရှိ၏။ ကြမ်းပြင်၌ လူဝကြီးတစ်ယောက်က ပုံပျက်ပန်းပျက်နှင့် မှောက်ခုံကြီးလဲကျနေ၏။

သူ၏ ကျောပြင်၌ မူ ဓားမြှောင်တစ်ချောင်းက စိုက်ဝင်နေပြီး နီရဲသော သွေးကွက်ကြီးက စွန်းထင်နေ၏။

လူငယ်က အထိတ်တလန့်နှင့်

"ဦးဖိုးဝကြီး၊ ဦးဖိုးဝကြီးပါလား"

ဟု ရေရွတ်လိုက်စဉ်မှာ ပင် သင်္ဘောတွင် အစောင့်အရှောက် အဖြစ်လိုက်ပါလာသော ပုလိပ်သားတစ်ယောက်က အခန်းရှေ့မှ ဖြတ်၍ ထိုမြင်ကွင်းကို မြင်တွေ့လေရာ

"ဟော့ကောင် . . . မင်းဘာလုပ်တာလဲ၊ ကုန်သည် ကြီးကို သတ်လိုက်ပြီပေါ့၊ လူသတ်သမား မပြေးနဲ့ "

ဟု အော်ဟစ်လေ၏။

လူငယ်သည် ထိုအခါမှ လှုပ်လှုပ်ရှားရှားဖြစ်လာ၏။ ပုလိပ်က လူငယ်ကို ချုပ်ကိုင်ဖမ်းဆီးရန်ပြင်၏။ လူငယ်က နောက်သို့ ခုန်ဆုတ်ပြီး လက်ကိုခါယမ်းကာ

"ကျုပ် သူ့ကို သတ်တာ မဟုတ်ဘူး "

ဟု ဖြေရှင်းလိုက်၏။

ပုလိပ်က အလွတ်မပေးဘဲ လူငယ်ထံ ပြေးဝင်လာပြန်၏။ ထိုအခါ လူငယ်သည် ဘာမျှ မစဉ်းစားအားတော့ဘဲ သင်္ဘောလက်ရန်းမှ ကျော်၍ ရေထဲသို့ ဒိုင်ဗင်ထိုးကာချလိုက်တော့၏။

သင်္ဘောတစ်စင်းလုံး ထိုအဖြစ်ကြောင့် ဝရုန်းသုန်းကား ဖြစ်နေချေပြီ ။ ပုလိပ်များ နှင့် လူအချို့က လှေများကိုပြင်၍ ရေထဲ၌ ကူးခပ်သွားသော လူငယ်၏ နောက်သို့ လိုက်ရန် ပြင်၏။

သို့သော် လူငယ်သည် ထိုသူများ လက်မှ လွတ်မြောက်ကာ ရေစုန်အတိုင်း လျင်မြန်စွာ ကူးခပ်ပြီး ဆိပ်ကမ်းနှင့် မဝေးလှသော ကမ်းပါးတစ်ခုသို့ ရောက်လာခဲ့၏။

လရောင်က ပတ်ဝန်းကျင်တစ်ခွင်လုံးကို ကောင်းစွာ အလင်းပေးနေ၏။ လူငယ်သည် လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းနှင့် ရှိနေသော မြစ်တွင်းမှ လှေများကို တွေ့ရ၏။

ထိုလှေများမှာ သူ့ကို ရှာဖွေနေခြင်းသာဖြစ်ရမည်ဟု လူငယ်က တွေးမိ၏။ မည်သို့ပင် ဖြစ်စေ သူသည် လွတ်မြောက်ရန် လမ်းမရှိချေ။

အားလုံးက သူ့ကို မှတ်မိသိရှိနေသည် မဟုတ်ပါလား။ လူငယ်သည် ကမ်းပါးမှ တက်၍ မြေနီလမ်းအတိုင်း ထုံးဖြူစေတီလေးမှ ဖြတ်၍ အိမ်ဆီသို့ ပြေးလွှားရန် ပြင်၏။

စေတီနံဘေးတွင် အကိုင်းအခက်များ ဝေဆာနေသော်လည်း အရွက်ကင်းမဲ့သည့် သစ်ခြောက်ပင်ကြီး တစ်ပင်ရှိ၏။ လူငယ်သည် လမ်းအတိုင်း သစ်ခြောက်ပင်ကြီးအောက်မှ ဖြတ်လေရာ သူ့အတွက် ကြေကွဲဖွယ်ကောင်းလှသည့် အဖြစ်တစ်ခုက ဆီးကြိုနေသည် နှင့် ကြုံလိုက်ရတော့၏။

သစ်ပင်ခြောက်ကြီး၏ အကိုင်းတစ်ခုတွင် လူရိပ်တစ်ခုက ချောက်ချားစရာအသွင်နှင့် တွဲလွဲကျနေ၏။ လူငယ်သည် သေချာစွာ မြင်တွေ့လျှင်ပင် နှလုံးသွေးရပ်မတတ် ပြင်းပြစွာ ခံစားလိုက်ရပြီး ကျယ်လောင်စွာနှင့်

"ညီမလေး . . . ဘယ်လိုဖြစ်တာလဲ၊ သစ်ကိုင်းမှာ နွယ်ကြိုးတွေနဲ့ ဆွဲကြိုးချထားပါလား"

ဟု အော်ဟစ်လိုက်တော့၏။

လူငယ်သည် လျင်မြန်စွာပင် ညီမငယ်အား မြေသို့ရောက်အောင် ပြုလုပ်၏။ သူတက်ရောက်ခဲ့ရာ ကမ်းပါးမှ လူတစ်စု၏ အော်ဟစ်ပြောဆိုလာသံများကိုလည်း ကြားနေရ၏။

ညီမငယ်၏ အသက်မဲ့ခန္ဓာမှာ ပူနွေးနေဆဲရှိ၏။ သူမ၏ မျက်နှာက ဝေဒနာကို မချိမဆံ့ခံစားသွားရ ဟန်နှင့် ရှုံ့မဲ့နေ၏။

သူမဝတ်ဆင်ထားသော အဝတ်အစားများမှာ မြင်မကောင်း အောင် စုတ်ပြဲနေလေရာ လူငယ်က လွယ်အိတ်တွင်းမှ ချည်တဘက်နှင့်

လွှမ်းခြုံပေးလိုက်၏။

လူငယ်သည် ဆူဝေနေသောစိတ်နှင့် ရှိနေစဉ် မလှမ်းမကမ်းမှ အညို ရောင် သက္ကလတ်ဦးထုပ်တစ်လုံးကို တွေ့၍ ကောက်ရှုကြည့်ရှုပြီး အံကြိတ်ကာ

"ညီမလေးပုံကို ကြည့်တာနဲ့ သိရပါပြီ၊ မင်းကို လူတစ်ယောက်ယောက်က စော်ကားသွားတာ မဟုတ်လား၊ ဘာဖြစ်လို့ များ တို့ မောင်နှမကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကံဆိုးမိုးမှောင် ကျရတာလဲ"

ဟု အော်ဟစ်လိုက်၏။

ထိုအခိုက် ခပ်လှမ်းလှမ်းမှ လူတစ်စု၏ လက်နှိပ်ဓာတ်မီးရောင်က လူငယ်ထံ ကျရောက်လာ၏။

လူငယ်သည် အော်ဟစ်ပြေးလွှားလာသော လူစုကို ဖျတ်ခနဲ ကြည့်၍ ထိုနေရာမှ ဝေးရာသို့ ပြေးထွက်ရန် ခြေလှမ်းပြင်လိုက်တော့၏။

***